# စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
# စီမံကိန်းဦးစီးဌာန

# စိုက်ပျိုးစီးပွားသတင်းလွှာ

အမှတ်စဉ် ( ၁၉/ ၂၀၂၄) ၂၀၂၄ ခုနှစ်၊ ဇူလိုင်လ(၄) ရက်

| ၄ - ၇ - ၂၀၂၄ | |
|---|---|
| ငွေကြေး အမျိုးအစား | ငွေလဲလှယ်နှုန်း (ကျပ်) |
| ဒေါ်လာ | ၂,၁၀၀.၀ |
| ယူရို | ၂,၂၆၇.၁ |
| စင်္ကာပူဒေါ်လာ | ၁,၅၅၃.၀ |
| စတာလင်ပေါင် | ၂,၆၇၇.၈ |
| ဂျပန်ယန်း (၁၀၀) | ၁,၃၀၂.၀ |
| တရုတ်ယွမ် | ၂၈၈.၈၂ |
| ဟောင်ကောင် ဒေါ်လာ | ၂၆၈.၉၂ |
| အိန္ဒိယရူပီး | ၂၅.၁၄၇ |
| ကိုရီးယားဝမ် (၁၀၀) | ၁၅၂.၁၁ |
| မလေးရှား ရင်းဂစ် | ၄၄၅.၈၁ |
| ဖိလစ်ပိုင်ပီဆို | ၃၅.၈၁၆ |
| ထိုင်းဘတ် | ၅၇.၃၅၄ |
| ဗီယက်နမ်ဒေါင် (၁၀၀) | ၈.၂၄၉၇ |


လယ်ယာစီးပွားနှင့်
ကုန်သွယ်မှုဌာနခွဲ၊
စီမံကိန်းဦးစီးဌာန
ရုံးအမှတ် (၁၅)
ဖုန်း-၀၆၇-၃၄၁၀၆၈၄
Email-
misdop.moali@gmail.com


## သတင်းခေါင်းစဉ်များ

- **စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေထွက်ပစ္စည်းဆိုင်ရာသတင်းများ**

➢ ထိုင်းနိုင်ငံသည် တရုတ်နိုင်ငံသို့ ဒူးရင်းသီးတင်ပို့မှုကို မြှင့်တင်ရန် ကြိုးစားလျက်ရှိ

➢ အိန္ဒိယနိုင်ငံတွင် မိုးရွာသွန်းမှုများပြားခြင်း၊ အချိန်အခါမဟုတ် စိုက်ပျိုးခြင်းများသည် အချို့သော မိုးရာသီကောက်ပဲသီးနှံများကို ထိခိုက်နိုင်ဖွယ်ရှိ

➢ ဆန်ကွဲနှင့် ဆန်ဖြူကို ပို့ကုန်ခွန်တစ်ရပ် သတ်မှတ်၍ ပြန်လည်တင်ပို့ခွင့်ပြုရန် အိန္ဒိယ ဆန်တင်ပို့ရောင်းချသူများအသင်း (The Rice Exporters Association -TREA) မှ အိန္ဒိယအစိုးရထံ တိုက်တွန်းပြောကြား

➢ ဥရောပသမဂ္ဂ၏ သစ်တောပြုန်းတီးမှုလျှော့ချရေးစည်းမျဉ်းဆိုင်ရာ စံချိန်စံညွှန်း

➢ (EUDR norms) နှင့် ကိုက်ညီမှုရှိရန် နောက်ဆုံးသတ်မှတ်ထားသည့်ရက်မတိုင်မီ ဥရောပမှ အိန္ဒိယကော်ဖီအား ဝယ်ယူမှုတိုးမြင့်လာ

➢ အိန္ဒိယနိုင်ငံတွင် မုတ်သုန်ရာသီကောင်းမွန်ဖွယ်ရှိသည့်အတွက် လာမည့်သကြားရာသီတွင် သကြားထုတ်လုပ်မှု တိုးတက်ဖွယ်ရှိ

- **အထွေထွေသတင်းများ**

➢ တရုတ်နှင့် ပီရူးတို့အကြား လွတ်လပ်သောကုန်သွယ်ရေး သဘောတူညီချက်အဆင့်မြှင့်တင်ခြင်းဆိုင်ရာ ဆွေးနွေးပွဲကို အဆုံးသတ်နိုင်ခဲ့ပြီဖြစ်

## ထိုင်းနိုင်ငံသည် တရုတ်နိုင်ငံသို့ ဒူးရင်းသီးတင်ပို့မှုကို မြှင့်တင်ရန် ကြိုးစားလျက်ရှိ

တရုတ်နိုင်ငံသို့ တင်ပို့လျက်ရှိသော ဒူးရင်းသီး ဈေးကွက်ဝေစုကို ထိန်းသိမ်းထားနိုင်ရန် ထိုင်း အာဏာပိုင်များသည် လယ်ယာလုပ်ငန်းခွင်ချဲ့ထွင်ခြင်းနှင့် အဆင့်မြင့်နည်းပညာအသုံးပြု၍ သစ်သီး အရည်အသွေးမြှင့်တင်ခြင်းအပါအဝင် နည်းလမ်းများစွာကို အကောင်အထည်ဖော်ဆောင်ရွက်လျက် ရှိကြောင်း သိရှိရပါသည်။

ထိုင်းအစိုးရသည် သစ်သီးဝလံများ အထူးသဖြင့် ဒူးရင်းသီးတင်ပို့မှုအတွက် အရည်အသွေး ထိန်းချုပ်မှု မူဝါဒများကို တိုးမြှင့်ထားကြောင်း ထိုင်းဝန်ကြီးချုပ်ရုံး၏ ပြောရေးဆိုခွင့်ရှိသူ Chai Wacharonke က သတင်းစာရှင်းလင်းပွဲ၌ ပြောကြားခဲ့ကြောင်း သိရှိရပါသည်။

ဒူးရင်းသီး၏ အရည်အသွေးကို အာမခံပြီး ပိုးသတ်ဆေးအကြွင်းအကျန်များ အလွန်အကျွံ မဖြစ်စေရန် တင်းကြပ်သော စီမံခန့်ခွဲမှုနှင့် အရည်အသွေးထိန်းချုပ်မှု စံနှုန်းများကို ချမှတ်ထား ကြောင်း သိရှိရပါသည်။

မရင့်မှည့်သေးသောဒူးရင်းသီးများအား ခူးဆွတ်ရောင်းချခြင်းကို တားမြစ်ထားသော ဥပဒေ သည် ထိုင်းဒူးရင်းသီးတင်ပို့မှုအတွက် အရည်အသွေးပိုင်းထိန်းသိမ်းခြင်းနှင့် စံချိန်စံညွှန်းသတ်မှတ် ခြင်း နှစ်ခုစလုံးကို လုပ်ဆောင်နိုင်လိမ့်မည်ဟု Chai က ပြောကြားခဲ့ကြောင်း သိရှိရပါသည်။

ထိုင်းအစိုးရအနေဖြင့် အနာဂတ်၌ ဒူးရင်းသီးစားသုံးမှုသည် လက်ရှိပမာဏထက် (၁၅)ဆ တိုး လာကာ တန်ချိန် (၁၅)သန်းခန့်အထိ တိုးလာမည်ဖြစ်ကြောင်းနှင့် ဒူးရင်းသီးတင်ပို့မှုတန်ဖိုး ဘတ် (၁) ထရီလီယံ (အမေရိကန်ဒေါ်လာ ၂၇.၂၃ ဘီလီယံ)အထိ သိသိသာသာ တိုးမြှင့်နိုင်မည်ဟု မျှော်မှန်း ထားကြောင်း Chai က ပြောကြားခဲ့ကြောင်း သိရှိရပါသည်။

တရုတ်နိုင်ငံ၏ ဒူးရင်းသီးဈေးကွက်ကြီးသည် ထိုင်းနိုင်ငံ၏ ဒူးရင်းသီးအထွက်နှုန်းကို မြှင့် တင်ပေးသည့်အပြင် ထိုင်းနိုင်ငံ၏ ပြိုင်ဖက်ဖြစ်လာသည့် ဗီယက်နမ်နှင့် ဖိလစ်ပိုင်ကဲ့သို့သော အရှေ့ တောင်အာရှနိုင်ငံများကို ဆွဲဆောင်ခဲ့ကြောင်း သိရှိရပါသည်။

၂၀၂၃ ခုနှစ်တွင် တရုတ်နိုင်ငံမှ တင်သွင်းသည့် လတ်လတ်ဆတ်ဆတ်ဒူးရင်းသီးတန်ချိန် (၁.၄၂) သန်းရှိပြီး ထိုင်းက (၆၅)ရာခိုင်နှုန်း၊ ဗီယက်နမ်က (၃၅)ရာခိုင်နှုန်း၊ ဖိလစ်ပိုင်က (၁) ရာခိုင် နှုန်းအောက်သာ တင်သွင်းခဲ့ကြောင်း တရုတ်အကောက်ခွန်အထွေထွေအုပ်ချုပ်မှုအာဏာ ပိုင်အဖွဲ့မှ သိရှိရပါသည်။

ထိုင်းနိုင်ငံအတွက် စိန်ခေါ်မှုများရှိနေသော်လည်း တရုတ်နိုင်ငံသို့ ထိုင်းဒူးရင်းသီး တင်ပို့မှု တန်ဖိုးသည် ယခုနှစ်တွင် အမေရိကန်ဒေါ်လာ (၄.၅)ဘီလီယံအထိ မြင့်တက်လာမည်ဖြစ်ပြီး ယခင်

Agribusiness & Trade

နှစ်ကထက် (၁၂)ရာခိုင်နှုန်း တိုးလာမည်ဟု ဘန်ကောက်အခြေစိုက် Kasikorn သုတေသန စင်တာမှ ခန့်မှန်းထားကြောင်း သိရှိရပါသည်။

တရုတ်နိုင်ငံသို့ ဒူးရင်းသီးတင်ပို့မှုတွင် ထိပ်တန်းနိုင်ငံဖြစ်နေခြင်းကို ဆက်လက်ထိန်းသိမ်းထားနိုင်ရန်အတွက် ထိုင်းနိုင်ငံ၏ ဒူးရင်းသီး အဓိကစိုက်ပျိုးထုတ်လုပ်သည့် ဒေသများသည် ဒူးရင်းအရည်အသွေးမြှင့်တင်ရန် နည်းပညာအကူအညီကို ရှာဖွေလျက်ရှိကြောင်း သိရှိရပါသည်။

ပြီးခဲ့သည့်နှစ်က ထိုင်းနိုင်ငံရှိ Commercial Association for Sustainability of Agriculture သည် ထိုင်းနိုင်ငံအနောက်ပိုင်း ချန်သဘူရီခရိုင်တွင် ဒူးရင်းခြံများ တည်ဆောက်ရန်အတွက် ထိုင်းနိုင်ငံ၏ စိုက်ပျိုးရေးနှင့် ကျေးလက်ရေးရာဝန်ကြီးဌာနလက်အောက်ရှိ နိုင်ငံခြားစီးပွားရေးပူးပေါင်းဆောင်ရွက်ရေးဗဟိုဌာန (Foreign Economic Cooperation Center–FECC) နှင့် ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရှိရပါသည်။

တရုတ်သိပ္ပံပညာရှင်များသည် အဆိုပါပြည်နယ်ရှိ ရှေ့ပြေးဥယျာဉ်ခြံအများအပြားတွင် မိုးလေဝသ၊ ရေမျက်နှာပြင်နှင့် မြေဆီလွှာအစိုဓာတ်ကို စောင့်ကြည့်ရန်အတွက် စက်ကိရိယာများ တပ်ဆင်ရန် ကူညီပေးခဲ့ကြောင်း၊ ယင်းစက်ကိရိယာများသည် ဒူးရင်းသီးကို သိပ္ပံနည်းကျ စိုက်ပျိုးခြင်းနှင့် အသီးအရည်အသွေး မြှင့်တင်ခြင်းအတွက် အချက်အလက်များ ပံ့ပိုးပေးနိုင်ကြောင်း သိရှိရပါသည်။

ထို့အပြင် တရုတ်ဈေးကွက်သို့ ပိုမိုဝင်ရောက်နိုင်စေရန်အတွက် FECC သည် အွန်လိုင်း ရောင်းချမှုများ ဖွံ့ဖြိုးတိုးတက်စေရန်နှင့် တိုက်ရိုက်ထုတ်လွှင့်ခြင်းများ လုပ်ဆောင်ရန် တရုတ်နိုင်ငံ၏ e-commerce ပလပ်ဖောင်းများနှင့် ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရှိရပါသည်။

ထိုင်းနိုင်ငံတောင်ပိုင်း Chumphon ပြည်နယ်ကဲ့သို့ အခြားသော ဒူးရင်းသီး အဓိကစိုက်ပျိုးထုတ်လုပ်သည့် ဒေသများမှ ဒေသဆိုင်ရာအာဏာပိုင်များသည် ၎င်းတို့၏အမှတ်တံဆိပ်ကို မြှင့်တင်ရန်ပွဲတော်များ ကျင်းပခြင်းဖြင့် သစ်သီးကုန်သွယ်မှုကို မြှင့်တင်လျက်ရှိကြောင်း သိရှိရပါသည်။

ပြီးခဲ့သည့် သီတင်းပတ်က Chumphon တွင် ဒူးရင်းပွဲတော်ကို ကျင်းပခဲ့ပြီး တရုတ်ကုန်စည်ပို့ဆောင်ရေးကုမ္ပဏီများနှင့် သစ်သီးရောင်းဝယ်ရေးလုပ်ငန်းရှင်များကို ဖိတ်ကြားခဲ့ကြောင်း သိရှိရပါသည်။

ပွဲတော်ဖွင့်ပွဲအခမ်းအနားတွင် ပြည်နယ်အုပ်ချုပ်ရေးမှူး Wisah Poolsirirat က ယခုနှစ်တွင် ဒူးရင်းသီးတန်ချိန် (၂၅၀,၀၀၀)ထွက်ရှိမည်ဖြစ်ပြီး ဒေသခံပြည်သူများအတွက် ဘတ် (၃၃) ဘီလီယံကျော် ဝင်ငွေရရှိစေမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်ဟု သိရှိရပါသည်။

ဒူးရင်းသီး စိုက်ပျိုးသည့်ဧရိယာ တိုးချဲ့ခြင်းသည် အဓိကအားဖြင့် ကုန်သွယ်ဖက်နိုင်ငံများမှ လိုအပ်ချက်များ တိုးပွားလာနေခြင်းကြောင့်ဖြစ်ပြီး ၎င်းတို့အနက်မှ (၇၀)ရာခိုင်နှုန်းသည် တရုတ်နိုင်ငံမှဖြစ်ကြောင်း Wisah က ပြောကြားခဲ့သည်ဟု သိရှိရပါသည်။

ဒူးရင်းသီးအရည်အသွေးကို ပိုမိုတိုးတက်စေပြီး တရုတ်ဖောက်သည်များအကြားတွင် ထိပ်တန်းအမှတ်တံဆိပ်တစ်ခုဖြစ်လာစေရန် လုပ်ဆောင်သွားမည်ဟု ၎င်းကထပ်မံပြောကြားခဲ့ကြောင်း သိရှိရပါသည်။

ကေခိုင်ကျော်၊ စီးပွားရေးသံမှူး
နန်နင်းမြို့
Source: [https://www.chinadaily.com.cn/a/202406/20/WS66740d48a31095c51c509fdf.html](https://www.chinadaily.com.cn/a/202406/20/WS66740d48a31095c51c509fdf.html)

.......................................................................................................................

## အိန္ဒိယနိုင်ငံတွင် မိုးရွာသွန်းမှုများပြားခြင်း၊ အချိန်အခါမဟုတ် စိုက်ပျိုးခြင်းများသည် အချို့သော မိုးရာသီကောက်ပဲသီးနှံများကို ထိခိုက်နိုင်ဖွယ်ရှိ

အိန္ဒိယမိုးလေဝသဌာနက မိုးနှောင်းပိုင်းတွင်ပုံမှန်ထက်မိုးရွာသွန်းနိုင်ကြောင်း ခန့်မှန်းချက် အရ အစိုဓာတ်များပြားပြီး မတ်ပဲ၊ ပဲတီစိမ်း နှင့် ပဲပုတ် အထွက်နှုန်းများအပေါ် သက်ရောက်မှုများ ရှိမည်ကို စိုးရိမ်မှုများမြင့်တက်လျက်ရှိကြောင်း၊ မိုးဦးနောက်ကျသဖြင့် စိုက်ပျိုးမှုနောက်ကျခြင်း၊ သီးနှံများရိတ်သိမ်းချိန်တွင် သို့မဟုတ် ပန်းပွင့်ချိန်နှင့် အဖူးထွက်ချိန်တို့တွင် မိုးများ လိုအပ်သည်ထက်ပို မိုရွာသွန်းခြင်းတို့သည် ပဲတီစိမ်း၊ မတ်ပဲ၊ ပဲပုတ်နှင့် ဝါသီးနှံများကို ထိခိုက်နိုင်သကဲ့သို့ အထွက်နှုန်း ကိုလည်းသိသိသာသာ ကျဆင်းစေနိုင်ကြောင်း၊ သို့ရာတွင် ယခုနှစ်၌ မတ်ပဲနှင့် ပဲစဉ်းငုံများ ဈေးကောင်းရရှိမှုကြောင့် စိုက်ပျိုးဧကများ ကြီးမားစွာ တိုးလာမည်ဟု ပဲလုပ်ငန်းရှင်များက မျှော်လင့်လျက်ရှိကြောင်း သိရှိရပါသည်။

အိန္ဒိယပဲမျိုးစုံနှင့် ကောက်ပဲသီးနှံအသင်း (IPGA) ကော်မတီဝင် B Krishnamurthy က ရိတ်သိမ်းချိန်တွင် မိုးရွာသွန်းမှုပုံမှန်ရရှိပါက မတ်ပဲအထွက်နှုန်းကောင်းရန် မျှော်လင့်နိုင်ပါကြောင်း၊ သို့ရာတွင် ရိတ်သိမ်းချိန်၌ မိုးအလွန်အကျွံရွာသွန်းပါက သီးနှံအရည်အသွေးကို ထိခိုက်နိုင်ကြောင်း၊ ယခင်အတွေ့ အကြုံအရ စိုက်ဧကတိုးလာရုံမျှဖြင့် အထွက်နှုန်းကို အာမခံနိုင်မည် မဟုတ်ကြောင်း၊ အစိုးရအေဂျင်စီများ၏ စိုက်ပျိုးဧက အချက်အလက်များမှာ အားတက်စရာဖြစ်ပြီး ဈေးနှုန်းများကျလာရန် မျှော်လင့်နေကြောင်း ပြောကြားထားသည်။

လာနီနာဖြစ်ရပ်များ အကြိမ်ရေတိုးလာခြင်းသည် အိန္ဒိယနိုင်ငံ၏ မုတ်သုံမိုးရွာသွန်းမှုပုံစံ အပြောင်းအလဲများနှင့် ဆက်စပ်နေပါကြောင်း၊ လာနီနာနှစ်တွင် မိုးနှောင်းပိုင်း၌ မိုးရွာသွန်းမှုများ

ပိုမိုများပြားမည်ဟု မိုးလေဝသပညာရှင်များက ပြောကြားထားကြောင်း၊ ယခုနှစ်တွင် လာနီနာက ဇူလိုင်လတွင်ဖြစ်ပေါ်လာမည်ဖြစ်ကြောင်း၊ လာနီနာကာလတွင် စက်တင်ဘာလ၌ မိုးရွာသွန်းမှု အား ကောင်းပြီး ပုံမှန်အားဖြင့် အောက်တိုဘာလ ရက်သတ္တပတ်အနည်းငယ်အထိ ကြာမြင့်တတ် ကြောင်း Earth Science ဝန်ကြီးဌာန အတွင်းရေးမှူးဟောင်း M Rajeevan က ပြောကြားထား သည်။

သို့ဖြစ်ပါ၍ အိန္ဒိယ၌ ယခုနှစ်တွင် ပဲစဉ်းငုံနှင့် မတ်ပဲများ တိုးမြှင့်စိုက်ပျိုးလာကြသော်လည်း လာနီနာ ရာသီဥတုကြောင့် မိုးနှောင်းကာလတွင် မိုးရွာသွန်းမှုများပြားပြီး သီးနှံအထွက်နှုန်းအပေါ် သက်ရောက်မှုများရှိလာမည်ကို စိုးရိမ်နေမှုအား သိရှိနိုင်ပါရန်တင်ပြအပ်ပါသည်။

မျိုးမြင့်မောင်၊ စီးပွားရေးသံမှူး

နယူးဒေလီမြို့

Source: Excess rainfall, untimely sowing likely to hit some kharif crops, The Economic Times, 29 June, 2024.

## ဆန်ကွဲနှင့် ဆန်ဖြူကို ပို့ကုန်ခွန်တစ်ရပ် သတ်မှတ်၍ ပြန်လည်တင်ပို့ခွင့်ပြုရန် အိန္ဒိယ ဆန်တင်ပို့ရောင်းချသူများအသင်း (The Rice Exporters Association –TREA) မှ အိန္ဒိယအစိုးရထံ တိုက်တွန်းပြောကြား

ဘာစမာတီမဟုတ်သောဆန်များကို ပိုမိုတင်ပို့နိုင်ရေး အဓိထားဆောင်ရွက်လျက်ရှိသော အိန္ဒိယ ဆန်တင်ပို့ရောင်းချသူများအသင်း (The Rice Exporters Association –TREA) မှ ဆန်ကွဲ နှင့် ဆန်ဖြူကို ပို့ကုန်ခွန်တစ်ရပ်သတ်မှတ်၍ ပြန်လည်တင်ပို့ခွင့်ပြုရန် အိန္ဒိယအစိုးရထံ တိုက်တွန်း ပြောကြားခဲ့ကြောင်း The Hindu Businessline သတင်းဌာနကမှ ဇွန်လ ၂၈ ရက်တွင် ဖော်ပြသည်။

အဆိုပါ အိန္ဒိယစားနပ်ရိက္ခာဝန်ကြီး Pralhad Joshi ထံရေးသားပေးပို့ခဲ့သောစာ၌ ပေါင်း ဆန်အပေါ် သတ်မှတ်ကောက်ခံလျက်ရှိသော တန်ဖိုးအလိုက်စည်းကြပ်ခွန် (ad-valorem) အစား ပုံသေခွန် (fixed duty) သတ်မှတ်ကောက်ခံပေးရန် TREA ဥက္ကဋ္ဌ BV Krishna Rao မှ တင်ပြခဲ့ ကြောင်း သိရသည်။

၎င်းတို့အသင်းသည် အိန္ဒိယနိုင်ငံ၏ ဘာစမာတီဆန်မဟုတ်သော ဆန်တင်ပို့သူ စုစုပေါင်း ၏ ၈၀ ရာခိုင်နှုန်းကို ကိုယ်စားပြုကြောင်း၊ အိန္ဒိယစားနပ်ရိက္ခာကော်ပိုရေးရှင်း (Food Corporation of India-FCI) သည် နိုင်ငံ့အရန်ဆန်အတွက် သတ်မှတ်ထားသည့် ပမာဏထက် ၄ ဆခန့် ကျော်လွန်၍

ဝယ်ယူထားရှိသည့်အတွက် ၎င်းအား ပမာဏလျှော့ချသတ်မှတ်ပေးရန် တောင်းဆိုခဲ့ကြောင်း သိရသည်။

ယင်းသို့ဆောင်ရွက်ခြင်းဖြင့် Telangana, Chhattisgarh နှင့် Orissa စသည့် ဗဟိုထိန်းချုပ်မှု လျှော့ချ၍ ဝယ်ယူသော ပြည်နယ်များအတွက် အသုံးပြုသည့် ထောက်ပံ့ကြေးများကို လျှော့ချနိုင်မည်ဖြစ်ကြောင်း၊ အဘယ်ကြောင့်ဆိုသော် အစိုးရသည် အဆိုပါ ပြည်နယ်များမှ ဆန်ကို ဝယ်ယူရာတွင် သတ်မှတ်ထားသော အနိမ့်ဆုံးထောက်ပံ့ဈေးနှုန်း (minimum support price–MSP) ထက် အပိုကြေးပေး၍ ဝယ်ယူနေရသောကြောင့်ဖြစ်သည်။

ထိုသို့ ဗဟိုအစိုးရအနေဖြင့် အရန်ဆန်ဝယ်ယူမှုနှင့် သိုလှောင်မှုကို လျှော့ချပြီး ဆန်တင်ပို့မှုအပေါ် ပို့ကုန်ခွန် ကန်ဒေါ်လာ ၃၀ မှ ၁၂၀ အထိ သတ်မှတ်ကောက်ခံမည်ဆိုပါက တစ်ဖက်တစ်လမ်းက တိုင်းပြည်ဝင်ငွေရရှိနိုင်သလို ဈေးနှုန်းများတည်ငြိမ်ပြီး ငွေကြေးဖောင်းပွမှုကိုလည်း ထိန်းချုပ်နိုင်မည်ဖြစ်ကြောင်း TREA က ပြောကြားခဲ့သည်။

ဗဟိုအစိုးရအနေဖြင့် ဆန်ဖြူနှင့် ဆန်ကွဲတင်ပို့မှု ပြန်လည်ဖွင့်လှစ်ပေးပြီး၊ ပို့ကုန်ခွန် သတ်မှတ်ကောက်ခံခြင်းကို ကာလတိုအတွက်သာ ဆောင်ရွက်မည့် နည်းလမ်းတစ်ရပ်ဟု စဉ်းစားနိုင်ဖွယ်ရှိသည်ဟု ၎င်းက ပြောကြားခဲ့သည်။

အထက်၌ဖော်ပြခဲ့သည့်အတိုင်း အချို့ပြည်နယ်များ၌ စပါးကို အပိုကြေးပေး၍ ဝယ်ယူသော အလေ့အထကြောင့် ယှဉ်ပြိုင်မှုပြင်းထန်သော ကမ္ဘာ့ဈေးကွက်တွင် ဆန်ဈေးနှုန်းများ အဆမတန်ကြီးမြင့်လာမည့် အခြေအနေဖြစ်ပေါ်လာနိုင်သည့်အတွက် အစိုးရအနေဖြင့် ကာလရှည်တွင် ပို့ကုန်ခွန်ကောက်ခံခြင်းကို ဖယ်ရှားပေးသင့်ကြောင်း ၎င်းတို့အသင်းမှ အကြံပြု ပြောကြားခဲ့သည်။

အိန္ဒိယပြည်နယ်အများအပြားတွင် MSP ထက် အပိုကြေးပေး၍ ဝယ်ယူလျက်ရှိသည့် စပါးများကို ကုန်သည်များထံ လေလံစနစ်ဖြင့် ရောင်းချပေးခြင်းအားဖြင့် အစိုးရအနေဖြင့် ဆန်သိုလှောင်ကြိတ်ခွဲ စရိတ်များလျှော့ချနိုင်မည်ဖြစ်ကြောင်း၊ ထို့အပြင် FCI အနေဖြင့် ဆန်ကို လွတ်လပ်စွာ ရောင်းချပေးခြင်း အစီအစဉ်အရ လေလံစနစ်ဖြင့်ဖြင့် ရောင်းချပေးမည်ဆိုပါက ပြည်တွင်းဆန်ဈေးနှုန်းကို ထိန်းချုပ်နိုင်မည်ဖြစ်ကြောင်း သိရသည်။

အိန္ဒိယအစိုးရ၏ ဆန်ကို သင့်တင့်သောဈေးနှုန်းဖြင့် အများပြည်သူထံရောင်းချပေးမည့် အစီအစဉ်ဖြစ်သော Bharat Rice scheme ကိုလည်း ရပ်တန့်ရန် အဆိုပါအသင်းမှ တောင်းဆိုထားသည်။ အဆိုပါအစီအစဉ်သည် ပြည်တွင်းဆန်ဈေးနှုန်းထိန်းချုပ်ရန်နှင့် ပြည်သူများ သင့်တင့်သော ဈေးနှုန်းဖြင့် ဆန်ဝယ်ယူရရှိနိုင်ရန် ရည်ရွယ်သော်လည်း မျှော်လင့်ထားသလောက် မအောင်မြင်ပဲ

Agribusiness & Trade

နောက်ဆုံးတွင် FCI ဆန်ဂိုထောင်များထံသို့ ဆန်များပြန်လည်ရောက်ရှိလာသည့် အတွက်ဖြစ်ကြောင်း သိရသည်။

ထို့အပြင် ပြည်ပနေ အိန္ဒိယလူမျိုးများ စားသုံးလေ့ရှိသော Sona Masuri ကဲ့သို့ တစ်စိတ်တစ်ပိုင်း ချက်ပြုတ်ထားသောဆန် (steamed rice) ကို ပေါင်းဆန်ကဲ့သို့ပင် တန်းတူသတ်မှတ်ကာ တင်ပို့ရောင်းချခွင့်ပြုသင့်ကြောင်း၊ အဘယ်ကြောင့်ဆိုသော် အဆိုပါ ဆန်အမျိုးအစားကို တစ်နှစ်လျှင် တန်ချိန် ဝ ဒသမ ၄ သန်းသာ တင်ပို့ရောင်းချသည့်အတွက်ဖြစ်ကြောင်း TREA က တိုက်တွန်းပြောကြားခဲ့သည်။

သို့ပါ၍ အိန္ဒိယဆန်ကုန်သည်များအနေဖြင့် ဗဟိုအစိုးရ၏ ဆန်ကွဲနှင့် ဆန်ဖြူတင်ပို့မှု အပေါ် ပုံသေခွန်တစ်ရပ်သတ်မှတ်၍ ပြန်လည်တင်ပို့ခွင့်ပြုကိစ္စအပြင် အစိုးရ၏ ဆန်ဝယ်ယူမှု၊ သိုလှောင်ရောင်းချမှုဆိုင်ရာ မူဝါဒနှင့် ဆောင်ရွက်ချက်များအပေါ် ဝေဖန်ထောက်ပြ၍ အကြံပြု တင်ပြထားသည့်အပေါ် သိရှိနိုင်ပါရန် တင်ပြအပ်ပါသည်။

ကောင်းထွဋ်အောင်၊ စီးပွားရေးသံမှူး

ကော်လ်ကတ္တား

ရည်ညွှန်း။ The Hindu Businessline, Indian exporters body seeks fixed duty on white and broken rice than ban, June 28, 2024

.......................................................................................................

## ဥရောပသမဂ္ဂ၏ သစ်တောပြုန်းတီးမှုလျှော့ချရေးစည်းမျဉ်းဆိုင်ရာ စံချိန်စံညွှန်း (EUDR norms) နှင့် ကိုက်ညီမှုရှိရန် နောက်ဆုံးသတ်မှတ်ထားသည့်ရက်မတိုင်မီ ဥရောပမှ အိန္ဒိယကော်ဖီအား ဝယ်ယူမှုတိုးမြင့်လာ

ဥရောပမှ ကော်ဖီဝယ်ယူသူများအနေဖြင့် အိန္ဒိယနိုင်ငံမှ ကော်ဖီကို ပိုမိုဝယ်ယူလာကြောင်းနှင့် ဥရောပသမဂ္ဂ၏ သစ်တောပြုန်းတီးမှုလျှော့ချရေးစည်းမျဉ်းဆိုင်ရာ စံချိန်စံညွှန်း (European Union Deforestation Regulation (EUDR) norms) နှင့် ကိုက်ညီမှုရှိရန် နောက်ဆုံးသတ်မှတ်ထားသည့်ရက်မတိုင်မီ ၎င်းတို့အနေဖြင့် ကော်ဖီကုန်လက်ကျန်များကို အချိန်မီ ဖြည့်တင်းနိုင်ရန် ရည်ရွယ်ထားပုံရကြောင်း The Hindu Businessline သတင်းဌာနမှ ယခုလ ၂၆ ရက်နေ့က ဖော်ပြသည်။

အဆိုပါ EUDR norm သည် သစ်တောပြုန်းတီးမှုနှင့်ဆက်စပ်လျက်ရှိသော ထုတ်ကုန်များတင်သွင်းမှုကို လျှော့ချရန်ရည်ရွယ်သည်။ ကော်ဖီကဲ့သို့ ကုန်စည်များအတွက် အထောက်အထား ခိုင်လုံမှုရှိ/မရှိ တင်းတင်းကြပ်ကြပ်စစ်ဆေးခြင်း (due diligence) နှင့် နောက်ကြောင်းပြန် ခြေရာခံနိုင်မှု (traceability) စသည့် အရေးယူဆောင်ရွက်မှုများ ပြုလုပ်ရန်လိုအပ်ကြောင်း သိရသည်။ ထို့ကြောင့်

Agri Business & Trade

အဆိုပါ အီးယူ၏ စံချိန်စံညွှန်းဆိုင်ရာကန့်သတ်ချက်အသစ်ကြောင့် အိန္ဒိယ ပို့ကုန်များအပေါ် အကျိုးသက်မှုရှိလာနိုင်ဖွယ်ရှိသည်။

သက်ဆိုင်ရာ စီးပွားရေးလုပ်ငန်းများအနေဖြင့် ကျွဲနွားအရှင်၊ ကိုကာ၊ ကော်ဖီ၊ ဆီအုန်း၊ ရာဘာ၊ ပဲပိစပ်နှင့် သစ်သားကဲ့သို့ ထုတ်ကုန်ပစ္စည်းများစွာအပေါ် ချမှတ်ဆောင်ရွက်သွားမည့် အဆိုပါ EUDR စံချိန် စံညွှန်းများကို ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ ၃၀ ရက်နေ့ နောက်ဆုံးထား၍ ကိုက်ညီမှုရှိရန် ဆောင်ရွက်ကြဖို့ လိုအပ်ကြောင်း သိရသည်။

ဥရောပမှ ဖေါက်သည်များက အဆိုပါစည်းမျဉ်းဥပဒေသစ် အသက်ဝင်မည့် နေ့ရက်မတိုင်မီ အိန္ဒိယနိုင်ငံမှ ကော်ဖီများကို အလုံးအရင်းနှင့် ဝယ်ယူတင်သွင်းကာ ၎င်းတို့၏ ကုန်လက်ကျန်များကို စောလျင်စွာဖြည့်တင်းဆောင်ရွက်လျက်ရှိကြောင်း အိန္ဒိယကော်ဖီတင်ပို့ရောင်းချသူများ အသင်း (Coffee Exporters Association) ဥက္ကဋ္ဌ Ramesh Rajah က ပြောကြားခဲ့သည်။

ယခုနှစ် ဇန်နဝါရီလ ၁ ရက်နေ့မှ ဇွန်လ ၂၁ ရက်နေ့အထိ ကာလအတွင်း အိန္ဒိယနိုင်ငံမှ ကော်ဖီတင်ပို့မှုသည် ၁၆ ရာခိုင်နှုန်းတိုးတက်လာကြောင်း၊ ယမန်နှစ် ကာလတူက တန်ချိန် ၂ ဒသမ ၀၄ သိန်းသာ တင်ပို့နိုင်ခဲ့သော်လည်း ယခုနှစ်တွင် တန်ချိန် ၂ ဒသမ ၃၇ သိန်းကျော် တင်ပို့နိုင်ခဲ့ကြောင်း သိရသည်။ အဆိုပါပမာဏတွင် ပြန်လည်တင်ပို့မှု (re-exports) များလည်းပါဝင်ကြောင်း သိရသည်။

ယခုနှစ်တွင် ကော်ဖီ ၅၃၄၉၇ တန် ပြည်လည်တင်ပို့နိုင်ခဲ့ပြီး၊ ယမန်နှစ်ကာလတူက ၄၅၂၁၃ တန်သာ ပြန်လည်တင်ပို့နိုင်ခဲ့သည့်အတွက် ပြန်လည်တင်ပို့မှု (re-exports) ၁၈ ဒသမ ၃ ရာခိုင်နှုန်းတိုးတက်လာခဲ့ကြောင်း သိရသည်။ အိန္ဒိယနိုင်ငံထွက် ကော်ဖီတင်ပို့မှုမှာ ယခုနှစ်တွင် တန်ချိန် ၁ ဒသမ ၈၃ သိန်းရှိပြီး၊ ယခင်နှစ်ကာလတူက ၁ ဒသမ ၅၉ သိန်းတင်ပို့ခဲ့သည့်အတွက် ၁၅ ရာခိုင်နှုန်း တိုးတက်လာခဲ့ကြောင်း သိရသည်။

အိန္ဒိယကော်ဖီ ပို့ကုန်လုပ်ငန်းရှင်များအတွက် ကော်ဖီတင်ပို့မှု အမြင့်မားဆုံး ရာသီချိန်ဖြစ်သော ဖေဖေါ်ဝါရီလမှ မေလအထိကာလအတွင်း သဘော်ာတင်ပို့မှု အများဆုံးဖြစ်ကြောင်း၊ ယခုနှစ်တွင် အဆိုပါ ရာသီချိန်မှာ ဇွန်လအထိ ချဲ့ထွင်လာခဲ့ကြောင်း Rajah က ပြောကြားခဲ့သည်။ အများအားဖြင့် မိုးရာသီဝင်ရောက်လာသည့် ဇွန်လမှ ဩဂုတ်လအတွင်း တင်ပို့မှုများ နှေးကွေးသွားတတ်ကြောင်း ၎င်းက ပြောကြားခဲ့သည်။

အိန္ဒိယနိုင်ငံသည် ကမ္ဘာ့ သတ္တမမြောက် အကြီးဆုံး ကော်ဖီထုတ်လုပ်သည့်နိုင်ငံဖြစ်ပြီး၊ ဘရာဇီး၊ ဗီယက်နမ်၊ ကိုလံဘီယာနှင့် အင်ဒိုနီးရှားနိုင်ငံတို့ပြီးလျင် ကမ္ဘာ့ ပဥ္စမမြောက် အကြီးဆုံး ကော်ဖီတင်ပို့သည့် နိုင်ငံတစ်ခုဖြစ်ကြောင်း သိရသည်။ အိန္ဒိယပြည်ထွက် ကော်ဖီ သုံးပုံနှစ်ပုံကျော်

ကို ပြည်ပသို့ တင်ပို့လေ့ရှိကြောင်းနှင့် ကော်ဖီတင်ပို့မှု၏ ၆၀ ရာခိုင်နှုန်းခန့်ကို အီတလီ၊ ဂျာမနီ၊ ဘယ်လ်ဂျီယံစသည့် ဥရောပဈေးကွက်များသို့ တင်ပို့ကြောင်း သိရသည်။

ယင်းသို့ ကော်ဖီကို သဘော်ာတင် ပို့ဆောင်မှုများ တိုးမြင့်လာသကဲ့သို့ ပို့ကုန်တင်ပို့သူများ အနေဖြင့် ကုန်သေတ္တာရှားပါးမှု၊ ကုန်စည်ပို့ဆောင်ခများကြီးမြင့်လာမှုစသည့် ထောက်ပံ့ပို့ဆောင်မှု ဆိုင်ရာ အခက်အခဲများနှင့် ဆက်လက်ရင်ဆိုင်ကြုံတွေ့နေရကြောင်း၊ ပင်လယ်နီဒေသတွင်း၌ ဖြစ် ပေါ်လျက်ရှိသည့် အကျပ်အတည်းများကြောင့် စားသောက်ကုန်တင်ပို့နိုင်မှု အဆင့်ရှိသော ကုန် သေတ္တာများ လုံလုံလောက်လောက်မရရှိသလို သဘော်ာသွားလာမှုလည်း နည်းပါးလာကြောင်း ၎င်း ကဖြည့်စွက်ပြောကြားခဲ့သည်။

သို့ပါ၍ ဥရောပသမဂ္ဂမှ အသစ်ပြဋ္ဌာန်းဆောင်ရွက်သွားမည့် သစ်တောပြုန်းတီးမှု လျှော့ချ ရေးစည်းမျဉ်းဆိုင်ရာ စံချိန်စံညွှန်း (European Union Deforestation Regulation (EUDR) norms) နှင့် ကိုက်ညီမှုရှိရန် နောက်ဆုံးသတ်မှတ်ထားသည့်ရက်မတိုင်မီ အိန္ဒိယကော်ဖီများ တင်ပို့မှုတိုးမြင့် လာလျက်ရှိကြောင်းနှင့် မြန်မာနိုင်ငံအနေဖြင့်လည်း အဆိုပါ စည်းမျဉ်းဥပဒေအသစ်နှင့် ကိုက်ညီမှု ရှိမှသာ ဥရောပတိုင်းပြည်များသို့ တင်ပို့ရောင်းချနိုင်မည့်အကြောင်း သိရှိနိုင်ပါရန် တင်ပြအပ်ပါ သည်။

ကောင်းထွဋ်အောင်၊ စီးပွားရေးသံမှူး
ကော်လ်ကတ္တား

ရည်ညွှန်း။ The Hindu Businessline, Indian coffee shipments rise as European buyers stack up ahead of EUDR implementation, June 26, 2024

## အိန္ဒိယနိုင်ငံတွင် မုတ်သုန်ရာသီကောင်းမွန်ဖွယ်ရှိသည့်အတွက် လာမည့်သကြားရာသီ တွင် သကြားထုတ်လုပ်မှုတိုးတက်ဖွယ်ရှိ

ကမ္ဘာ့သကြားအများဆုံးစားသုံးပြီး၊ ဒုတိယအများဆုံးထုတ်လုပ်သော နိုင်ငံတစ်ခုဖြစ်သည့် အိန္ဒိယနိုင်ငံသည် ၂၀၂၄ ခုနှစ်၊ အောက်တိုဘာလမှ ၂၀၂၅ ခုနှစ် စက်တင်ဘာလအထိ သကြားရာသီ တွင် သကြားထုတ်လုပ်မှု သိသိသာသာတိုးတက်ဖွယ်ရှိကြောင်း ခန့်မှန်းထားသည်။ အဆိုပါ ခန့်မှန်း ချက်ကို အိန္ဒိယမိုးလေဝသဌာနမှ ယခုနှစ် မုတ်သုန်ရာသီကောင်းမွန်ဖွယ်ရှိကြောင်း ကြိုတင်ခန့်မှန်း ချက်အပေါ် အခြေခံ၍ အပြုသဘောသုံးသပ်ထားခြင်းဖြစ်ကြောင်း The Hindu Businessline သတင်းဌာနက ဇွန်လ ၂၆ ရက်နေ့က ဖော်ပြသည်။

ယခုလ ၂၅ ရက်နေ့က နယူးဒေလီမြို့တော်တွင် ကျင်းပပြုလုပ်ခဲ့သော ကမ္ဘာလုံးဆိုင်ရာ ညီလာခံ၏ ဆက်စပ်အစည်းအဝေးတစ်ခု၌ ပြည်ထောင်စု စားနပ်ရိက္ခာ ဝန်ကြီး Pralhad Joshi က ယင်းသို့ ခန့်မှန်းပြောကြားခဲ့ခြင်းဖြစ်သည်။

၂၀၂၄ ခုနှစ် စက်တင်ဘာလတွင် အဆုံးသတ်သော လက်ရှိရာသီတွင် ခန့်မှန်းခြေ သကြား တန်ချိန် ၃၂ သန်းခန့် ထုတ်လုပ်နိုင်မည်ကြောင်း သို့သော် အစိုးရအနေဖြင့် ပြည်တွင်းစားသုံးမှုကို ဦး စားပေးရန်နှင့် သကြားထုတ်လုပ်မှုအပေါ် မုတ်သုန်ရာသီ၏ အကျိုးသက်ရောက်မှု မည်မျှရှိနိုင်မည် ကို စောင့်ကြည့်အကဲခတ်ရန် ပြည်ပသို့သကြားတင်ပို့မှုကို လတ်တလော ခွင့်ပြုသွားဖွယ်မရှိဟု ၎င်း ကပြောကြားခဲ့သည်။

အိန္ဒိယအစိုးရသည် တစ်ဖက်တွင် ရာသီဥတုပြောင်းလဲမှုကို တိုက်ဖျက်ရာတွင်ပါဝင်သည့် ၎င်း၏ အခန်းကဏ္ဍအားမြှင့်တင်ရန် အီသနောထုတ်လုပ်မှုကို တက်တက်ကြွကြွ အားပေးလျက်ရှိ သည်။ ၂၀၂၄ ခုနှစ် မေလက ဓါတ်ဆီတွင် အီသနောရောစပ်မှုနှုန်း ၁၂ ဒသမ ၅ ရာ ခိုင်နှုန်းအထိ ရရှိခဲ့ ပြီးဖြစ်ကာ ၂၀၂၅-၂၆ ဘဏ္ဍာနှစ်တွင် အဆိုပါရောစပ်နှုန်းအား ၂၀ ရာခိုင်နှုန်း အထိရရှိရန် ၎င်းအနေ ဖြင့် ရည်မှန်းထားကြောင်း သိရသည်။

တိုင်းပြည်၏ နှစ်စဉ် စုစုပေါင်း အီသနောထုတ်လုပ်နိုင်စွမ်းမှာ လီတာ ၁၅၀၀၀ သန်းရှိပြီး အဆိုပါပမာဏတွင် ကြံအခြေပြု ပေါင်းခံစက်ရုံများမှ ထုတ်လုပ်မှု လီတာ ၉၀၀၀ သန်းခန့် ပါဝင် ကြောင်း သိရသည်။ လာမည့် ၂၀၂၃-၂၄ အီသနောအရောင်းနှစ် (Ethanol Supply Year–ESY) တွင် သီးနှံအခြေပြု ပေါင်းခံစက်ရုံများမှ အီသနောထုတ်လုပ်မှု ပိုမိုများပြားလာဖွယ်ရှိသည်ဟု ခန့်မှန်း ထားသည်။

ထို့အပြင် လာမည့်ရာသီတွင် သကြားထုတ်လုပ်မှု တိုးတက်ဖွယ်ရှိကြောင်း အိန္ဒိယ သကြား နှင့် ဇီဝစွမ်းအင်ထုတ်လုပ်သူများအသင်း (Indian Sugar & Bio-energy Manufacturers Association –ISMA)က ခန့်မှန်းထားသည်။ အပြည်ပြည်ဆိုင်ရာ သကြားအဖွဲ့ (International Sugar Organisation –ISO) ဥက္ကဋ္ဌ Sanjeev Chopra ကလည်း ကြံစိုက်ပျိုးမှုအတွက် လုံလောက် သောမိုးရေချိန်ရရှိလာသည့်အတွက် သကြားကို ပြည်တွင်းစားသုံးမှုနှင့် အီသနောထုတ်လုပ်မှု အတွက်လုံလောက်အောင် ထုတ်လုပ်ပေးနိုင်လိမ့်မည်ဟု ထောက်ခံပြောကြားခဲ့သည်။

အိန္ဒိယသကြားကဏ္ဍအနေဖြင့် မုတ်သုန်ဥတု၏ မျက်နှာသာပေးမှုနှင့် အီသနောရောစပ်မှု မြှင့် တင်ရန် အစိုးရ၏ အစပြုဆောင်ရွက်ချက်များကြောင့် အတက်ဖက်သို့ ဦးတည်လာခဲ့သော်လည်း အခက်အခဲနှင့် စိန်ခေါ်မှုများရှိနေဆဲဖြစ်သည်။ အစိုးရအနေဖြင့် ကြံစိုက်ပျိုးမှုလုပ်ငန်းတွင် ရေအသုံး ပြုမှုလျှော့ချနိုင်ရေးဆိုင်ရာ သုတေသနနှင့် ဖွံ့ဖြိုးမှုလုပ်ငန်းများကို တိုက်တွန်းအားပေးလျက်ရှိသလို

အီသနော၊ထုတ်လုပ်မှု၌ ကြံရည်အသုံးပြုမှုအား ကန့်သတ်ထားသည့်အတွက် အီသနောရောင်းလိုအားအပေါ် ကန့်သတ်မှုများရင်ဆိုင်ရဖွယ်ရှိနေကြောင်း သိရသည်။

ကောင်းထွဋ်အောင်၊ စီးပွားရေးသံမှူး

ကော်လ်ကတ္တား

ရည်ညွှန်း။ The Hindu Businessline, India's sugar production set to rise on good monsoon, says food minister Joshi, June 26, 2024

## တရုတ်နှင့် ပီရူးတို့အကြား လွတ်လပ်သောကုန်သွယ်ရေးသဘောတူညီချက် အဆင့်မြှင့်တင်ခြင်းဆိုင်ရာ ဆွေးနွေးပွဲကို အဆုံးသတ်နိုင်ခဲ့ပြီဖြစ်

တရုတ်နှင့် ပီရူးနိုင်ငံတို့အကြား လွတ်လပ်သောကုန်သွယ်ရေးသဘောတူညီချက် အဆင့်မြှင့်တင်ရေးဆိုင်ရာ ဆွေးနွေးညှိနှိုင်းမှုကို ၂၀၁၈ ခုနှစ်တွင် စတင်ခဲ့ပြီးနောက် (၆)နှစ်အကြာတွင် အပြီးသတ်နိုင်ခဲ့ပြီဖြစ်ကြောင်း ၂၈-၆-၂၀၂၄ ရက်နေ့တွင် ကြေညာခဲ့ကြောင်း သိရှိရပါသည်။

ပီရူးသမ္မတ Dina Boluarte Zegarra သည် ၂၀၂၂ ခုနှစ်တွင် သမ္မတတာဝန် စတင်ထမ်းဆောင်ပြီးနောက် တရုတ်နိုင်ငံသို့ ပထမဆုံးနိုင်ငံတော်ခရီးစဉ်အဖြစ် လာရောက်ခဲ့စဉ် တရုတ်သမ္မတ Xi Jinping နှင့် ပေကျင်းမြို့တွင် တွေ့ဆုံပြီးနောက် ယင်းကြေညာချက်ကို ထုတ်ပြန်ခဲ့ခြင်း ဖြစ်ကြောင်း သိရှိရပါသည်။

ထိုသို့တွေ့ဆုံစဉ်အတွင်း တရုတ်နိုင်ငံသည် နိုင်ငံရေးအရ အပြန်အလှန်ယုံကြည်မှု ခိုင်မာစေရန်၊ လက်တွေ့ကျသော ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်ရန်၊ ယဉ်ကျေးမှုနှစ်ခုအကြား အပြန်အလှန်လေ့လာသင်ယူမှုကို မြှင့်တင်ရန်နှင့် နှစ်နိုင်ငံဆက်ဆံရေးကို မြင့်မားလာစေရန်အတွက် ဘက်စုံပူးပေါင်းဆောင်ရွက်မှုကို တိုးမြှင့်ရန်အတွက် ပီရူးနှင့် လက်တွဲဆောင်ရွက်လိုကြောင်း ပြောကြားခဲ့သည်ဟု သိရှိရပါသည်။

ပီရူးနိုင်ငံသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် သံတမန်ဆက်ဆံရေးထူထောင်သည့် ပထမဆုံးလက်တင်အမေရိကနိုင်ငံတစ်နိုင်ငံဖြစ်ပြီး ၂၀၀၉ ခုနှစ်တွင် တရုတ်နိုင်ငံနှင့် လွတ်လပ်သော ကုန်သွယ်ရေးသဘောတူညီချက်ကို လက်မှတ်ရေးထိုးခဲ့သည့် ပထမဆုံးလက်တင်အမေရိကနိုင်ငံလည်း ဖြစ်ကြောင်း သိရှိရပါသည်။

ပီရူးနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုလိုအပ်ချက်များနှင့်ကိုက်ညီသော အရည်အသွေးမြင့် Belt and Road ပူးပေါင်းဆောင်ရွက်မှု၊ သတ္တုနှင့် ကုန်ထုတ်လုပ်မှုကဲ့သို့သော နယ်ပယ်များနှင့် စွမ်းအင်သစ်နှင့်

ဒစ်ဂျစ်တယ်စီးပွားရေးအပါအဝင် ထွန်းသစ်စနယ်ပယ်များတွင် ပူးပေါင်းဆောင်ရွက်မှုကို တိုးချဲ့ရန် Xi က တိုက်တွန်းခဲ့ကြောင်း သိရှိရပါသည်။

တရုတ်နိုင်ငံသည် ပီရူးမှ အရည်အသွေးကောင်းမွန်သော ထုတ်ကုန်များကို ကြိုဆိုကြောင်းနှင့် တရုတ်စီးပွားရေးလုပ်ငန်းများအတွက် ရင်းနှီးမြှုပ်နှံမှုနှင့် ရေရှည်ပူးပေါင်းဆောင်ရွက်မှုအတွက် အခွင့်သာသော ဥပဒေနှင့် မူဝါဒများကို ပီရူးအစိုးရဘက်မှ ပံ့ပိုးပေးမည်ဟု မျှော်လင့်ကြောင်း Xi က ပြောကြားခဲ့သည်ဟု သိရှိရပါသည်။

Belt and Road Initiative အောက်ရှိ အဓိကစီမံကိန်းဖြစ်သည့် Chancay Port အချိန်မီ ပြီးစီးရေးအတွက် ပူးပေါင်းကြိုးပမ်းမှုများ ပြုလုပ်ရန် Xi က တောင်းဆိုခဲ့ပြီး Chancay မှ Shanghai သို့ လမ်းကြောင်းသည် နှစ်နိုင်ငံစလုံးအတွက် အကျိုးဖြစ်ထွန်းစေမည်ဖြစ်ကြောင်း သိရှိရပါသည်။

တရုတ်နိုင်ငံသည် ပီရူးလူငယ်ကျောင်းသားများအတွက် ပညာသင်ဆုများ ပိုမိုပံ့ပိုးပေးမည်ဖြစ်ပြီး ပညာရေး၊ ယဉ်ကျေးမှုနှင့် ခရီးသွားလာရေးဆိုင်ရာ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုကို အားကောင်းစေမည်ဖြစ်ကြောင်း ၎င်းက ပြောကြားခဲ့သည်ဟု သိရှိရပါသည်။

တရုတ်နိုင်ငံသည် တရုတ်-လက်တင်အမေရိက ဆက်ဆံရေး ဖွံ့ဖြိုးတိုးတက်မှုကို အလွန်တန်ဖိုးထားပြီး ပီရူးနိုင်ငံ၊ အခြားလက်တင်အမေရိကနိုင်ငံများ၊ ကာရေဘီယံနိုင်ငံများနှင့် လက်တွဲပူးပေါင်းဆောင်ရွက်သွားရန် ဆန္ဒရှိကြောင်း ၎င်းက ထပ်လောင်းပြောကြားခဲ့သည်ဟု သိရှိရပါသည်။

တရုတ်နိုင်ငံသို့ ငါးရက်ကြာ လာရောက်အလည်အပတ်ရောက်ရှိနေသော ပီရူးသမ္မတ Boluarte က ပီရူးရှိ တရုတ်စီးပွားရေးလုပ်ငန်းများ၏ ရင်းနှီးမြှုပ်နှံမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများသည် ပီရူးနိုင်ငံအတွက် အလုပ်အကိုင်များစွာ ဖန်တီးပေးရုံသာမက အဆင့်မြင့်ကျွမ်းကျင်မှုနှင့် အတွေ့အကြုံများကိုလည်း ယူဆောင်လာသည်ဟု ပြောကြားခဲ့ကြောင်း သိရှိရပါသည်။

ပီရူးနိုင်ငံသည် တရုတ်နိုင်ငံ၏ ကြီးမားသောအောင်မြင်မှုများကို လေးစားမိပြီး တရုတ်နိုင်ငံနှင့် လက်တွေ့ကျသော ပူးပေါင်းဆောင်ရွက်မှုကို တိုးချဲ့ရန် မျှော်လင့်ကြောင်း သူမက ပြောကြားခဲ့သည်ဟု သိရှိရပါသည်။

ဆွေးနွေးပွဲအပြီးတွင် နှစ်နိုင်ငံခေါင်းဆောင်များသည် ၂၀၂၄ ခုနှစ်မှ ၂၀၂၈ ခုနှစ်အတွင်း အစိုးရအချင်းချင်းအကြား ပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းအစီအစဉ်တစ်ရပ်ကို လက်မှတ်ရေးထိုးခြင်းနှင့် ကုန်သွယ်မှုနှင့် စီးပွားရေး၊ သိပ္ပံနှင့်နည်းပညာဆန်းသစ်တီထွင်မှုနှင့် အခြားနယ်ပယ်များတွင် ပူးပေါင်းဆောင်ရွက်ရေးသဘောတူညီချက်များ လက်မှတ်ရေးထိုးပွဲများသို့ တက်ရောက်ခဲ့ကြကြောင်း သိရှိရပါသည်။

ကေခိုင်ကျော်၊ စီးပွားရေးသံမှူး
နန်နင်းမြို့

Source: https://www.chinadaily.com.cn/a/202406/29/WS667f4a46a31095c51c50b6c4.html

Agribusiness & Trade